# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ကျေပါ




၂၀၀၉ဇူလိုင်လ၃ရက်နေ့ညနေ၃နာရီမှ ၄နာရီ အချိန် တိုကျိုမြို့ ရှိဘူယမြို့နယ် ကုလသမဂ္ဂ ရုံးရှေ့ တွင် ယနေ့မြန်မာပြည်ရောက် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား မြန်မာ့ဒီမိုကရေစီအရေးတာဝန်ကျေစွာဆောင်ရွက်ပေး ရန်တောင်းဆိုဆန္ဒပြပွဲ ကျင်းပခဲ့ပါသည်။





ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တရပ်အနေဖြင့် နအဖစစ်အစိုးရ နှင့် အတိုက်အခံများကြားဆွေးနွေးမှုပြန်လည်စတင်ရန်နှင့်၊အများလက်ခံယုံကြည်နိုင်သော ရွေးကောက်ပွဲ၂၀၁၀အတွက်အထောက်အကူ ဖြစ်စေမည့် အခြေနေကောင်းများ ဖန်တည်းရေးတို့ တောင်းဆိုဆန္ဒပြကြပါသည်။ဤပွဲ ကိုဒီမိုကရေစီမဟာမိတ်များအဖွဲ့(ဂျပန်) Democractic Fedration Of Burma မှ တာဝန်ယူဆောင်ရွက်ပြီး နိုင်ငံရေးအဖွဲ့အစည်းအသီးသီး နှင့်တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှစုစုပေါင်းအင်အား ၉၀ ခန့် တက်ရောက်ခဲ့ပါသည်။

မစ္စတာဘန်ကီမွန်း နှင့်တွေ့ဆုံရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီ ၁၀ ပါတီ ကိုဖိတ်ကြားထားပါသည်။တပါတီ ၅ဦးစီ တက်ရောက်ခွင့်ရသည်ဟု ဆိုသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ(CEC) ဦးသန်းထွန်း၊ဦးလှဖေ၊ဦးညွန့်ဝေ နှင့်ဦးစိုးမြင့်တို့ တက်ရောက်၍ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစိုင်းစောအောင်၊ဦးစိုင်းရွှေဂျူး နှစ်ဦးသာတက်ရောက်ပါမည်။ဒေါ်အောင်ဆန်းစုကြည် နှင့်တွေ့ခွင့်ရမရ မှာ မသေချာသေးကြောင်း ယနေ့ညနေထိ အင်တာနက်သတင်းများအရသိရှိရပါသည်။ ဤမြန်မာပြည်ခရီးစဉ်နှင့်




ပတ်သက်၍ သတိကြီးစွာထားဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊မြန်မာပြည်ကိုသွားဖို့ အချိန်ရွေးရတာလဲ စိန်ခေါ်မှု တရပ်ပင် ဖြစ်ကြောင်း မစ္စတာဘန်ကီမွန်း က အသိအမှတ်ပြုပြောဆို ခဲ့ကြောင်း လဲ သိရှိရပါသည်။ဒေါ်အောင်ဆန်းစုကြည် ၏တရားရုံး ရုံးချိန်းရက် ဇူလိုင်လ၁၀ရက်နေ့ဖြစ်နေသည်ကလည်းအကြောင်းရင်း တခု ဖြစ်နိုင်ပါသည်။

ကိုယ်စားလှယ်မစ္စတာ ဂန်ဘာရီက အရင်သွားရောက်ပြီးမှ မစ္စတာဘန်ကီမွန်းသွားရောက်ရန်ဆုံးဖြတ်လိုက်ခြင်းကို ထောက်ပြီး တစုံတရာထူးခြားမှုရှိနိုင်ကြောင်း ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုများကမျှော်လင့်နေကြပါသည်။

(မြန်မာပြည်တွင်းသတင်းများကို ဒီမိုဝေယံ http;//demowaiyen.blogspot.com နှင့်ဒေါက်တာလွင်ဆွေ http;//drlunswe.blogspot.com/ တို့ထံမှ ရယူခြင်းဖြစ်ပါသည်၊ကိုကျော်သူမင်းနှင့်ဒေါက်တာလွင်ဆွေတို့အား ကျေးဇူးတင်ပါသည်။)

သတင်း စိုးအောင်ဂင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ သတင်းနှင့် ပြန်ကြားရေးဌာန

ဆန်နီသတင်းနှင့်ပြန်ကြားရေးတာဝန်ခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ**Room (303) Villapallet Bldg, 1 - 3 - 23 Nishi - Sugamo, Toshima-ku , Tokyo170 - 0001JapanTel/Fax03(5974 -1981)nldlajp@yahoo.co.jp/**http://www.nldlajpbranch.com